# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၁၂)ရက်မြောက်နေ့အစီအစဉ်

# ၂၂-၆-၂၀၂၆ (တနင်္လာနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးအောင်နိုင်သူ၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ခန္တီးမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲနေသည့် ကားလမ်းမပေါက်သေးသည့် ချင်းတွင်းမြစ်အနောက်ဖက်ကမ်း ခန္တီးမြို့နယ်နှင့် လေရှီးမြို့နယ်ချင်းဆက်လမ်း၊ နန့်ပေါက်ပေါက် - ဂိုကာဖိုင် - ဖိုင်လင်း - နားတပ် - ဝါးတောလမ်း (၁၅)မိုင်ခန့်အား ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း''စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ပြည်သူ့အိုးအိမ်များ၊ ဘာသာရေးအဆောက်အဦ၊ ကျန်းမာရေးအဆောက်အဦ၊ ပညာရေးအဆောက်အဦများအတွက် ရေတို/ရေရှည်စီမံကိန်းဖြင့် ပြန်လည်တည်ဆောက်ပေးနိုင်ရေး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ဖောင်းပြင်မြို့နယ်၊ နန်းပန်ကျေးရွာအုပ်စု၊ ဇော်ဂျီကျေးရွာ အစိုးရအလယ်တန်းကျောင်း ဆောင်သစ်ဆောက်လုပ်မှုအား အပြီးသတ် ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ဖောင်းပြင်မြို့နယ်၊ ပိုးစာကုန်းကျေးရွာအုပ်စု၊ ပိုးစာကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် မပြီးပြတ်သေးသည့် (အလျား ၉၀ × အနံ ၃၀ ပေ) Steel Structure (၁)ထပ်ကျောင်းဆောင်အား အပြီးသတ်ဆောက်လုပ်နိုင်ရေး မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ ကာလများက နှစ်အလိုက် နိုင်ငံတော်မှ ထောက်ပံ့ပေးထားသော ပုံနှိပ်စာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို မည်ကဲ့သို့ ပြန်လည်စီမံခန့်ခွဲသွားမည်ကို သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ဖောင်းပြင်မြို့နယ်၊ ချောင်းခွကျေးရွာနှင့် ပုဂံတောင်ရွာကျေးရွာနှစ်ရွာကြားရှိ နမ့်မခွင်ချောင်းကမ်းပါးအား ရေလွှဲမြေထိန်းနံရံ တည်ဆောက်ပေးရန်နှင့် ချောင်းခွကျေးရွာနှင့်ပုဂံတောင်ရွာအကြား ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မင်းကင်း-သလဲဘာရွာလမ်းဆုံမှ အံ့စရာရွာအထိ လမ်းအရှည် (၁)မိုင်ခန့်အား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဇ) **ဦးအောင်နိုင်သူ၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ခန္တီးမြို့၊ ပေါမိုင်းရပ်ကွက် ပင်မရေနုတ်မြောင်း(၆၁၁၇)ပေနှင့် **ခန္တီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးမြတ်ကို ကြယ်ပွင့်ပြမေးမြန်းသည့်** ဇီးဖြူကုန်းရပ်ကွက် ပင်မရေနုတ်မြောင်း(၂၆၈၅)ပေအား ကွန်ကရစ်ရေမြောင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေခွန်း။

၆။ **ဦးမြတ်ကို၊ ခန္တီးမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** အစည်းအဝေးအဌမနေ့(၁၆-၆-၂၀၂၆)ရက်နေ့တွင် မေးမြန်းခဲ့သော ခန္တီးမြို့နယ်အတွင်း ကျောင်းများတွင် ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ကျောင်းဖွင့်ချိန်အမီ ဆရာ/ဆရာမများ ခန့်ထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအပေါ် လူမှုရေးရာဝန်ကြီးမှ ထပ်မံရှင်းလင်း ပြောကြားခြင်း။

၇။ **ဦးမင်းဇော်၊ ကလေးမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** အစည်းအဝေးနဝမနေ့ (၁၇-၆-၂၀၂၆)ရက်နေ့တွင် မေးမြန်းခဲ့သော ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်နှင့် မင်္ဂလာဥယျာဉ်ရပ်ကွက်၊ နယ်မြေ(၁)ရှိ ၂၀၁၈ ခုနှစ်က တည်ဆောက်ထားသည့် ဥပုဒ်ချောင်းကူး (၇၁ ပေ × ၁၂ ပေ)ရှိ သစ်သားတံတားမှာ အန္တရာယ်များလှသောကြောင့် ၎င်းတံတားအား ဖျက်သိမ်းပြီး ဘေလီသစ်သားတံတား သို့မဟုတ် သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းအပေါ် စည်ပင်သာယာရေးဝန်ကြီးမှ ထပ်မံရှင်းလင်းပြောကြားခြင်း။

၈။ လွှတ်တော်ဥက္ကဋ္ဌမှ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း။

၉။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယ ပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာခြင်း။